MRF
Myanmar Rice Federation

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

# ANNUAL REPORT 2024

www.myanmarricefederation.org



# အသင်းချုပ် ဥက္ကဋ္ဌ၏ အစီရင်ခံတင်ပြစာနှင့် နှုတ်ခွန်းဆက်စကား

၁။ ၂၀၂၄ ခုနှစ်အတွင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ အစိုးရ- ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများ၊ အစည်းအဝေးကျင်းပမှုများ၊ ပြည်တွင်းပြည်ပ ခရီးစဉ်များ အပါအဝင် မှတ်တမ်းအဖြစ် ထားရှိလေ့လာသင့်သော ဖြစ်ပေါ်ပြောင်းလဲမှုများကို အသင်းဝင်များနှင့် အသင်းချုပ်၏ မိတ်ဖက်များအတွက် ရည်ရွယ်ထုတ်ဝေသည့် Annual Report - 2024 တွင် နှုတ်ခွန်းဆက် ရေးသားဖော်ပြခွင့် ရရှိ၍ ဂုဏ်ယူဝမ်းမြောက်ကြောင်း ဦးစွာဖော်ပြလိုပါသည်။ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ အတွင်းတွင်ပင် ဤစာအုပ်ကို အချိန်မီ ပြုစုထုတ်ဝေနိုင်ခဲ့ခြင်းအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့ ကြသူများ အားလုံးကိုလည်း ကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။ ၂၀၂၄ ခုနှစ်အတွင်း ဖြစ်ပေါ် ပြောင်းလဲမှုများတွင် အောင်မြင်တိုးတက်မှုများရှိခဲ့သလို သင်ခန်းစာယူစရာ အခက်အခဲ စိန်ခေါ်မှုများကို လည်းကြုံတွေ့ခဲ့ရပါသည်။ အသင်းချုပ်အနေဖြင့် နိုင်ငံတော်၏ မူဝါဒလမ်းညွှန်ချက်များကို လေးစားလိုက် နာပြီး ဆန်စပါးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းစားသုံးမှု ဖူလုံရေး၊ ပြည်ပဈေးကွက်သို့ ပုံမှန်တင်ပို့ရောင်းချနိုင်ရေးတို့ကို ဟန်ချက်ညီညီ အားထုတ်ကြိုးပမ်းလုပ်ဆောင်နိုင်ခဲ့ပါသည်။

၂။ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ မှ ဒီဇင်ဘာလကုန်အထိ အသင်းချုပ်အနေဖြင့် ဆောင်ရွက်ခဲ့သောလုပ်ငန်းများ များစွာရှိသည့်အနက် မှတ်တမ်းအဖြစ် ဖော်ပြထားသင့်သည်များကို ကောက်နုတ်၍ ဤစာစောင်တွင် ဖော်ပြ ထားပါသည်။ ဖော်ပြပါ လုပ်ငန်းများ၊ လုပ်ဆောင်ချက်များသည် အသင်းချုပ်အတွက်လည်းကောင်း၊ မြန်မာ့ ဆန်စပါးလုပ်ငန်း တစ်ခုလုံးအတွက်လည်းကောင်း အရေးပါသော လုပ်ဆောင်ချက်များဖြစ်ကြောင်း လေ့လာတွေ့ရှိနိုင်မည် ဖြစ်ပါသည်။

၃။ အသင်းချုပ်အနေဖြင့် တစ်နှစ်ထက်တစ်နှစ် ဆထက်တိုး၍ အသင်းဝင်များ၏ အကျိုးစီးပွား၊ ဆန်စပါးကဏ္ဍ နှင့် နိုင်ငံတော်၏ အကျိုးစီးပွားတို့ကို သယ်ပိုးထမ်းဆောင်လျက်ရှိပါသည်။ အသင်းချုပ်တွင် ကုမ္ပဏီ/ အဖွဲ့ အစည်း အသင်းဝင်မှုသည် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလကုန်တွင် (၉၈၀) ရှိရာမှ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလကုန် တွင် (၁၁၉၆)အထိ ပြည်တွင်းပြည်ပကုမ္ပဏီများ၏ အသင်းဝင်ရောက်မှုအခြေအနေ တိုးတက်ခဲ့ပါသည်။ အသင်းဝင်အသစ်များ၏ အားကိုးယုံကြည်မှုဖြင့် ပူးပေါင်းဆောင်ရွက်လာခြင်းအပေါ် ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများ၊ ပိုမိုထိရောက်သော သတင်းအချက်အလက် ဖြန့်ဝေမှုများနှင့် ပိုမိုအားကောင်းသော ပူးပေါင်းဆောင်ရွက်မှုများကို စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

၄။ ၂၀၂၄ ခုနှစ်တွင် ပြည်တွင်းဆန်စပါးဈေးကွက် တည်ငြိမ်စေရေး၊ ဆန်ပိုဆန်လိုဒေသများ၏ စီးဝင်စီးထွက် မှန်ကန်စေရေး၊ နိုင်ငံ့ဝန်ထမ်းများနှင့် စက်ရုံအလုပ်ရုံဝန်ထမ်း မိသားစုများအတွက် သင့်တင့်မျှတသောဈေးဖြင့် ဖြန့်ဖြူးရောင်းချပေးရေး စသော လုပ်ငန်းများကို အသင်းချုပ်အနေဖြင့် ဦးစားပေးလုပ်ဆောင်ခဲ့ပါသည်။ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလကုန်အထိ ပြည်ပတင်ပို့မှုအနေဖြင့် ဆန်၊ ဆန်ကွဲတန်ချိန် စုစုပေါင်း (၂,၇၆၇,၄၁၄) တန်ကို တင်ပို့ရောင်းချခဲ့ပြီး ပို့ကုန်ဝင်ငွေအဖြစ် အမေရိကန်ဒေါ်လာ (၁၃၃၂) သန်း ရရှိခဲ့ပါသည်။ ၂၀၂၄ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှ ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးမည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် ပို့ကုန်လျာထားချက်တွင် (Export Target) ထက်ပို၍ တင်ပို့ရောင်းချထားနိုင်သည့် အခြေအနေကောင်းတစ်ခု ဖြစ်ပါသည်။ ပို့ကုန်တိုးမြှင့်ရေးအတွက် လည်းကောင်း၊ ပို့ကုန်လုပ်ငန်း ဖွံ့ဖြိုးမှုမှသည် ဆန်စက်များ ခေတ်မီတိုးတက်လာခြင်း၊ ဆန်စပါး သိုလှောင်ရုံနှင့် သိုလှောင်မှုစနစ်များ ဖွံ့ဖြိုးလာခြင်း၊ ဆန်စပါးထုတ်လုပ်မှုများ လိုက်ပါ ဖွံ့ဖြိုးလာခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်သဖြင့် ပို့ကုန်မှ ဦးဆောင်သော ဆန်စပါးကဏ္ဍတစ်ရပ်လုံး လိုက်ပါဖွံ့ဖြိုးတိုးတက်မှု Export-Led Growth Model ကို အသင်းချုပ်အနေဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိပါသည်။

၅။ ကိုဗစ်-၁၉ ကပ်ရောဂါပြင်းထန်စွာဖြစ်ပွားပြီးနောက် ၂၀၂၁-၂၀၂၅ အထိ (၅)နှစ်တာကာလတွင် အသင်းချုပ်အနေဖြင့် New and Next Normal အတွက် Future-ready ဖြစ်သည့် MRF 3N Priorities ကို ချမှတ်၍ မြန်မာ့ဆန်စပါးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၄ ခုနှစ်အတွင်း ရာသီဥတုပြောင်းလဲမှု (Climate Change)နှင့် ရာဂီမုန်တိုင်း၏ သက်ရောက်မှုများဖြစ်ပေါ်ခဲ့၍ ဆန်စပါးကဏ္ဍတွင် ထိခိုက်မှုအချို့ဖြစ်ပေါ်ခဲ့ရပါသည်။ အသင်းချုပ်အနေဖြင့် ပြန်လည်ထူထောင်ရေး၊ ကူညီထောက်ပံ့ပေးရေးလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရ၊ လူမှုရေးအဖွဲ့များ၊ စီးပွားရေးနှင့် ဖွံ့ဖြိုးရေးမိတ်ဖက်များ၊ အသင်းဝင်များနှင့် ပူးပေါင်း၍ ထိခိုက်ခဲ့ရသော ဆန်စပါးကဏ္ဍပြန်လည်ထူထောင်ဆောင်ရွက်နိုင်ရေးကို ကြိုးပမ်းလုပ်ဆောင်နိုင်ခဲ့ပါသည်။

၆။ ၂၀၂၅ ခုနှစ်သည် မြန်မာနိုင်ငံအတွက် အရေးပါသော နှစ်တစ်နှစ်ဖြစ်သလို အသင်းချုပ်အနေဖြင့်လည်း ၂၀၂၅-၂၀၂၇ သက်တမ်းကာလအတွက် ရွေးချယ်တင်မြှောက်ပွဲကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၂၃) ရက်နေ့တွင် ကျင်းပမည်ဖြစ်၍ အသင်းချုပ်၏လုပ်ငန်းများကို ဆက်လက်ဦးဆောင်နိုင်မည့် ခေါင်းဆောင်များ၊ ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်အသစ်များဖြင့် ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးရေး ခရီးရှည်ကို ဆက်လက်ချီတက်ရမည့် နှစ်တစ်နှစ် ဖြစ်ပါသည်။ ၂၀၂၅ နှစ်သစ်တွင် အသင်းဝင်များနှင့် အသင်းချုပ်၏ မိတ်ဆွေသင်္ဂဟများ အားလုံး **"ပူးပေါင်းဆောင်ရွက်မှု၊ စည်းလုံးညီညွတ်မှုနှင့် အချင်းချင်း မျှဝေကူညီ ဖေးမမှု"** ဟူသည့် အသင်းချုပ်၏ တန်ဖိုးထားမှု စံနှုန်း (Value) များကို လက်တွေ့ကျင့်သုံးနိုင်ပါစေကြောင်း၊ မိမိအကျိုးနှင့် မြန်မာ့ဆန်စပါးကဏ္ဍအကျိုးတို့ကို အတ္တ-ပရ မျှတစွာ ကြိုးပမ်းအားထုတ်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ပြု နှုတ်ခွန်းဆက်လိုက်ရပါသည်။

(ရဲမင်းအောင်)
ဥက္ကဋ္ဌ
မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

MRIA MYANMAR RICE INDUSTRY ASSOCIATION

MRF Myanmar Rice Federation

# အသင်းချုပ်ဖြစ်ပေါ်လာပုံ (သို့) MRIA မှ MRF သို့

၁။ ၂၀၀၈ ခုနှစ်မှ စတင်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ဆန်စပါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှု ဖွံ့ဖြိုးရေးနှင့်ထောက်ပံ့ရောင်းဝယ်ရေးကွင်းဆက်(Supply Chain Mechanism)ကို ဦးစားပေးဖော်ဆောင်လာပြီး ဆန်စပါး အထူးပြုကုမ္ပဏီများ ဖွဲ့စည်းရေးအပေါ် အားပေးကူညီဆောင်ရွက်ခဲ့ပါသည်။ (၁၅.၅.၂၀၀၉)ခုနှစ်တွင် ဆန်စပါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို နိုင်ငံတော်အဆင့် ဆွေးနွေးပွဲအဖြစ် ကျင်းပခဲ့ပြီး ထိုစဉ်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) အပါအဝင် ဝန်ကြီးများ တက်ရောက်ခဲ့ပါသည်။ အဆိုပါဆွေးနွေးပွဲ၏ သုံးသပ်ဖော်ထုတ်ချက်များ၊ အကြံပြုချက်များနှင့်အညီ ဆန်စပါးအထူးပြုကုမ္ပဏီများကိုလည်း မြို့နယ်များတွင် ဖွဲ့စည်းတည်ထောင်ဆောင်ရွက်ကြပါသည်။ ၂၀၀၉ ခုနှစ်တွင် အဆိုပါ ဆန်စပါးအထူးပြုကုမ္ပဏီများ ပါဝင်သည့် အသင်းအဖွဲ့ကို ဖွဲ့စည်းတည်ထောင်ရန် ဆောင်ရွက်ခြင်းမှ အစပြု၍ ဆန်စပါးလုပ်ငန်းကို ကိုယ်စားပြုသည့်အသင်း ထူထောင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးဆောင်ကြီးကြပ်ဆောင်ရွက်ခဲ့ပါသည်။

၂။ ထိုသို့ ဆောင်ရွက်ရာတွင် ယခင်ဖွဲ့စည်းထားပြီးဖြစ်သော မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းတို့ကို အစုအဖွဲ့အဖြစ် ပါဝင်စေပြီး ဆန်စပါး အထူးပြုကုမ္ပဏီများ ပူးပေါင်းပါဝင်စေလျက် ဆန်စပါးစိုက်ပျိုးသည့်မှ တင်ပို့ရောင်းချသည့်အထိ (Supply Chain) တစ်လျှောက်လုံး ပါဝင်သော စိုက်ပျိုးထုတ်လုပ်၊ ကြိတ်ခွဲတင်ပို့ရောင်းချသူများအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် အချိတ်အဆက်မိစွာ လုပ်ငန်းများဆောင်ရွက်နိုင်စေရန်အတွက် ၂၀၁၀ ခုနှစ်၊ ဇန်နဝါရီလ(၂)ရက်နေ့တွင် မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း (Myanmar Rice Industry Association-MRIA) ကို ဖွဲ့စည်းခဲ့ပါသည်။ ထိုသို့ ဖွဲ့စည်းစဉ်က မူလတည်ရှိခဲ့သော အသင်း(၃)သင်းကို အသင်းအဖြစ်ရပ်တည်ရန် ခွင့်ပြုခြင်းမပြုဘဲ အစုအဖွဲ့အဖြစ်သာ ရပ်တည်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ညွှန်ကြားခဲ့ရာ ဆန်စပါးလောကရှိအသင်းများနှင့် ဆန်စပါးလောကသားတို့အတွက် အတွေးအမြင်အယူအဆမျိုးစုံပေါ် ပေါက်စေခဲ့ပါသည်။

၃။ ထိုသို့ အစုအဖွဲ့၊ အသင်းစသည်ဖြင့် အတွေးအမြင်၊ အယူအဆမျိုးစုံရှိခဲ့သော်လည်း MRIA သည် တိုင်း၊ ပြည်နယ်အသင်းခွဲများဖွဲ့စည်းခြင်း၊ မြို့နယ်အသင်းခွဲများဖွဲ့စည်းခြင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ဆောင်ခြင်းတို့ကို (၂)နှစ်ကျော်ကာလအတွင်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၂၀၁၁ ခုနှစ် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ အစိုးရသစ်တက်လာသောအချိန်တွင် မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း(MRIA)အား မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF) အဖြစ်သို့ ပြောင်းလဲတိုးမြှင့်ဖွဲ့စည်းရန်နှင့် မူလတည်ရှိသော အသင်းများ၊ ပြန်လည်သက်ဝင်လှုပ်ရှားပြီး အသင်းချုပ်၏ဦးဆောင်မှုအောက်တွင် လုပ်ငန်းဆောင်ရွက်ရန် သဘောတူညီမှုဖြင့် ၂၀၁၃ ခုနှစ်၊ ဖွေန်လ(၂၃)ရက်နေ့တွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ကို (Federation) အဖြစ်တိုးမြှင့်ဖွဲ့စည်းခဲ့ပါသည်။

၄။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် ရွေးကောက်တင်မြှောက်ပွဲ (၅)ကြိမ် ကျင်းပခဲ့ပြီး ဖွဲ့စည်းပုံနှင့်အညီ ကဏ္ဍအသီးသီးမှ အထွေထွေညီလာခံကိုယ်စားလှယ်များမှ စီမံခန့်ခွဲရေးကော်မတီခေါင်းဆောင်များ၊ ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်များကို ရွေးချယ်တင်မြှောက်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ်၊ မန္တလေးမြို့တွင် ကျင်းပသော အထွေထွေညီလာခံတွင် ဥက္ကဋ္ဌ ဦးချစ်ခိုင်မှ နုတ်ထွက်ရန် အဆိုပြုတင်ပြခဲ့ပြီး ကျန်ရှိသော သက်တမ်းကာလအတွက် နောင်ရွေးချယ်တင်မြှောက်ပွဲ မကျင်းပချိန်အထိ ယာယီအားဖြင့် ဥက္ကဋ္ဌ ဦးရဲမင်းအောင်၊ အထွေထွေအတွင်းရေးမှူး ဦးလှမော်မြင့်မောင်တို့ကို အထွေထွေညီလာခံမှ တင်မြှောက်လာခဲ့ပါသည်။ အသင်းချုပ်၏ ၂၀၂၂-၂၀၂၄ သက်တမ်းအတွက် ရွေးကောက်ပွဲကို (၃၁.၁၂.၂၀၂၁)ရက်နေ့တွင် ကျင်းပခဲ့ပြီး ဥက္ကဋ္ဌအဖြစ် ဦးရဲမင်းအောင်၊ အထွေထွေအတွင်းရေးမှူးအဖြစ် ဦးလှမော်မြင့်မောင်တို့အား ရွေးချယ်တင်မြှောက်ခဲ့ပါသည်။ အသင်းချုပ်၏ (၆)ကြိမ်မြောက်ရွေးချယ်တင်မြှောက်ပွဲကို (၂၃-၁-၂၀၂၅)ရက်နေ့တွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ၂၀၂၅-၂၀၂၇ သက်တမ်းကာလအတွက် ခေါင်းဆောင်အသစ်များကို ရွေးချယ်တင်မြှောက်သွားမည်ဖြစ်ပါသည်။

# LEADERS OF MRF



YE MIN AUNG
Executive Chairman



KYAW WIN
Vice Chairman



KHIN MYINT
Vice Chairman



AUNG ZAW OO
Vice Chairman



DR.SOE TUN
Vice Chairman



DR MYO AUNG KYAW
Vice Chairman



LU MAW MYINT MAUNG
Secretary General



YAZAR MYO
Joint Secretary General



NAY LIN ZIN
Joint Secretary General



NAY LIN
Joint Secretary General



THAUNG TIKE SOE
Joint Secretary General



THAN HTAY OO
Joint Secretary General



KYAW KYAW MOE
Joint Secretary General



KHIN PHYU PHYU KYAW
Joint Secretary General



AUNG MYINT
Treasurer



TIN AUNG LATT
Auditor



THIDER WIN
Joint Treasurer



CHO CHO
Joint Treasurer



SAI KYAW
Joint Auditor



ZAW LWIN OO
Joint Auditor

# MRF 3N Priorities

## ၂၀၂၁ - ၂၀၂၅ ကာလလတ် (၅)နှစ် ဦးစားပေးဆောင်ရွက်မည့် ဆန်စပါးကဏ္ဍဖွံ့ဖြိုးရေးအစီအစဉ်များ

ကိုဗစ် - ၁၉ ကပ်ရောဂါ ဘေးအန္တရာယ်မှပြန်လည်ထူထောင်နိုင်စေရေးနှင့် မြန်မာ့ဆန်စပါးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေး၊ ရေရှည်တည်တံ့ပြီး ဘေးအန္တရာယ်များကို ကြံ့ကြံ့ခိုင်ခိုင် ကျော်ဖြတ်နိုင်စေရေး၊ မြန်မာ့ဆန်စပါးကဏ္ဍ၏ရရှိထားပြီးဖြစ်သောအခြေအနေကောင်းများ၊ ဖွံ့ဖြိုးမှုများကို ထိန်းသိမ်းကာ အနာဂတ်ကာလအတွက် လုံခြုံစိတ်ချရပြီး ခိုင်မာသော ဖွံ့ဖြိုးမှုစနစ်များ လုပ်ဆောင်နိုင်ရေးအတွက် အဓိကရည်ရွယ်ပြီး မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် အောက်ဖော်ပြပါ နယ်ပယ်(၃)ခုကို ကာလလတ် (၅)နှစ်တွင် ဦးစားပေးဆောင်ရွက်လျက်ရှိပါသည် -

### (၁) MSME များနှင့် တောင်သူလယ်သမားကြီးများ၏ ဖွံ့ဖြိုးရေး

- ❖ စိုက်ပျိုးသည်မှ ကြိတ်ခွဲထုတ်လုပ်၊ ပြည်ပတင်ပို့သည်အထိ MSME များအား ပိုမိုကျယ်ပြန့်စွာပါဝင်လာစေရေးအလို့ငှာ ဈေးကွက်များဖော်ဆောင်ချိတ်ဆက် ပေးခြင်း
- ❖ စိုက်ပျိုးရေး MSME များဖြစ်သော (၁၀) ဧကအထက်ပိုင်သည့်တောင်သူကြီးများအတွက် ထောက်ပံ့ကူညီပေးခြင်း

### (၂) မျိုးစေ့ထုတ်လုပ်ငန်းများဖွံ့ဖြိုးရေး

- ❖ အစိုးရ - ပုဂ္ဂလိက ပူးပေါင်း၍ အလားအလာရှိပြီး ဈေးကွက်မှ လက်ခံသော မျိုးကောင်းမျိုးသန့်မျိုးစေ့များ တိုးချဲ့ထုတ်လုပ်သုံးစွဲနိုင်ရန်ဆောင်ရွက်ခြင်း
- ❖ မျိုးစေ့ထုတ်လုပ်ငန်းများ/ တောင်သူများကို အားပေးကူညီခြင်း
- ❖ နိုင်ငံတကာအဆင့်မီ မျိုးစေ့ထုတ်လုပ်ငန်းအပြင် MRF Co-op အား ဖွဲ့စည်းတည်ထောင်ဆောင်ရွက်ခြင်း

### (၃) MRF Legacy Projects

- ❖ Myanmar Rice Online (MyRO)
- ❖ Online Registration of Rice Warehouses
- ❖ Online Registration of Rice Mills
- ❖ Warehouse Receipt Financing Scheme
- ❖ MRF Responsible Initiative for Consumers and Employees (MRF RICE)
- ❖ Rice Bran Oil Project (MRBO)
- ❖ Biomass Power Generation (Rice Husks based) Project
- ❖ MRF Soil Health Improvement Project (MRF SHIP)
- ❖ M-CARE (Cargo Assessment for Rice Export)
- ❖ Reinvigorating Program for Rice Specialization Companies (RPRSC)
- ❖ Credit-linked weather index insurance scheme for rice farmers
- ❖ MRF AIR (AI for Rice)

# MRF 3N Priorities (2021-2025)
# MRF Priorities for the New and Next Normal

As the rice industry emerges from the Covid-19 pandemic and focuses on recovery, resilience and sustainability, Myanmar Rice Federation is implementing the following development action plans to make sure the emerging rice industry adapt and remain secure, safe and strong.

**(1) MSME & Big Farmer Development**

- Inclusive approach by onboarding MSMEs in local and export marketing and sales, prioritizing MSME's access to markets
- Financial inclusion - ensuring the smooth and easy access to finance, promoting bankability
- Promoting productivity of the big farmers (who owns more than 10 acres of paddy land)

**(2) Improving the Seed Production of Promising Rice Varieties**

- Joint public-private initiative in producing rice varieties highly demanded by local and international buyers
- Establishment of the MRF Co-op as the strategic hub for rice seed market

**(3) MRF Legacy Projects**

- Myanmar Rice Online (MyRO)
- Online Registration of Rice Warehouses
- Online Registration of Rice Mills
- Warehouse Receipt Financing Scheme
- MRF Responsible Initiative for Consumers and Employees (MRF RICE)
- Rice Bran Oil Project (MRBO)
- Biomass Power Generation (Rice Husks based) Project
- MRF Soil Health Improvement Project (MRF SHIP)
- M-CARE (Cargo Assessment for Rice Export)
- Reinvigorating Program for Rice Specialization Companies (RPRSC)
- Credit-linked weather index insurance scheme for rice farmers
- MRF AIR (AI for Rice)

# ၂၀၂၅ - ၂၀၂၇ သက်တမ်းကာလ ကော်မတီအဆင့်ဆင့်အား ရွေးချယ်တင်မြှောက်ခြင်းအတွက် "ရွေးချယ်တင်မြှောက်ရေးကော်မရှင်" ဖွဲ့စည်းခြင်း

2025
2027

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ဖွဲ့စည်းပုံအရ ၂၀၂၅-၂၀၂၇ သက်တမ်းကာလကော်မတီအဆင့်ဆင့်အား ရွေးချယ်တင်မြှောက်ရမည် ဖြစ်ပါသောကြောင့် **"ရွေးချယ်တင်မြှောက်ရေးကော်မရှင်"** အား သိက္ခာသမာဓိနှင့် ပြည့်စုံပြီး အတွေ့အကြုံရင့်ကျက်သည့် အောက်ဖော်ပြပါပုဂ္ဂိုလ်များနှင့် ဖွဲ့စည်းခြင်းကို ဆောင်ရွက်ခဲ့ပါသည်-

| | | | |
|---|---|---|---|
| (၁) | ဒေါက်တာစိန်လှဖိုလ် | နိုင်ငံတော်သမ္မတအကြံပေးပုဂ္ဂိုလ်(ငြိမ်း) | ဥက္ကဋ္ဌ |
| (၂) | ဒေါက်တာမင်းအောင် | အထွေထွေမန်နေဂျာ (ငြိမ်း)၊ မျိုးစေ့ဌာနခွဲ (စိုက်ပျိုးရေး) | ဒုတိယဥက္ကဋ္ဌ (၁) |
| (၃) | ဦးခိုင်မြင့် | ဗဟိုအလုပ်အမှုဆောင်၊ ကုန်သည်/စက်မှုအသင်းချုပ် | ဒုတိယဥက္ကဋ္ဌ(၂) |
| (၄) | ဦးခင်စိုး | ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဦးလွင်ဦး | ညွှန်ကြားရေးမှူး(ငြိမ်း)၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ဦးကျော်ဇောမောင် | ညွှန်ကြားရေးမှူး (ငြိမ်း)၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ဦးမြင့်ဝေ | ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ဒေါ်ခင်သက်မော် | ဗဟိုအလုပ်အမှုဆောင်၊ ကုန်သည်/စက်မှုအသင်းချုပ် | အဖွဲ့ဝင် |
| (၉) | ဦးသက်ဇင်မောင် | ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ စိုက်ပျိုးရေးဦးစီးဌာန | အတွင်းရေးမှူး |

# မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်သို့ အသင်းဝင်ရောက်မှုအခြေအနေများ

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်သို့ ကုမ္ပဏီ/တစ်သီးပုဂ္ဂလနှင့် တောင်သူလယ်သမားအသင်းဝင်များ၏ စုစုပေါင်း အသင်းဝင်ရောက်မှု အခြေအနေများမှာ ၂၀၂၄ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက်အနေ့အထိ အောက်ပါအတိုင်း ဖြစ်ပါသည်။

| စဉ် | အသင်းဝင်/အသင်းသား အမျိုးအစား | ယခင် အသင်းဝင် ဦးရေ | ၂၀၂၄ ခုနှစ် အသင်းဝင် ဦးရေ | စုစုပေါင်း အသင်းဝင် ဦးရေ |
|---|---|---|---|---|
| ၁။ | ကုမ္ပဏီအသင်းဝင်(ပြည်တွင်း)<br>(Local Company Member) | ၉၈၀ | ၂၁၆ | ၁၁၉၆ |
| ၂။ | ကုမ္ပဏီအသင်းဝင်(နိုင်ငံခြား/ဖက်စပ်)<br>Company member<br>(foreign/joint venture) | ၃၀ | ၂ | ၃၂ |
| ၃။ | တသီးပုဂ္ဂလအသင်းဝင် (ရိုးရိုး)<br>Individual Membership (Ordinary) | ၁၁၁၈ | ၄၀ | ၁၁၅၈ |
| ၄။ | ရာသက်ပန် အသင်းဝင်<br>Life Membership | ၁၀၅ | ၅၀ | ၁၅၅ |
| ၅။ | တောင်သူလယ်သမားအသင်းဝင်<br>Farmers Membership | ၁၁၉၂၁ | - | ၁၁၉၂၁ |
| | စုစုပေါင်း | ၁၄၁၅၄ | ၃၀၈ | ၁၄၄၆၂ |




မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၊ မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံလယ်ယာစီးပွားအများပိုင်ကော်ပိုရေးရှင်းလီမိတက်တို့သည်လည်း အသင်းချုပ်၏အသင်းဝင်များဖြစ်ကြပါသည်။ အဆိုပါ အသင်းများ၏ အသင်းဝင်များသည် အသင်းချုပ်၏ ဖွဲ့စည်းပုံအရ "ခ" အဆင့် အသင်းဝင်များ ဖြစ်ကြပါသည်။

# ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်၊ ပျက်စီးခဲ့သည့်သီးနှံများ ပြန်လည်စိုက်ပျိုးရန် အရင်းမပျောက်မတည်ငွေနှင့် စိုက်ပျိုးရေးသွင်းအားစုများ အသုံးပြုနိုင်ရန် ထောက်ပံ့ငွေလှူဒါန်း







ရာဂီမုန်တိုင်းအရှိန်ကြောင့် ရေကြီးနစ်မြုပ်မှု ဖြစ်ပေါ်ခဲ့သဖြင့် ထိခိုက်၊ ပျက်စီးခဲ့သည့် သီးနှံများ ပြန်လည် စိုက်ပျိုးရန် အရင်းမပျောက်မတည်ငွေနှင့် မျိုးစေ့၊ ရွက်ဖျန်းမြေဩဇာနှင့် ပိုးသတ်ဆေးများ အသုံးပြုနိုင်ရေးအတွက် ထောက်ပံ့ငွေလှူဒါန်းခြင်း အခမ်းအနားကို (၄-၁၀-၂၀၂၄) ရက်နေ့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စဝေးဆောင်ခန်းမ၌ ကျင်းပခဲ့ပါသည်။

အခမ်းအနားသို့ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ၊ ညီနောင်အသင်းများနှင့် အသင်းချုပ်အသင်းဝင်များ၏ စုပေါင်းထည့်ဝင်မှုဖြင့် အရင်းမပျောက်မတည်ငွေကျပ်သိန်း(၁၂၅၀၀)နှင့် ထောက်ပံ့လှူဒါန်း ငွေကျပ်သိန်း (၅၀၀၀) ပေးအပ်လှူဒါန်းခဲ့ပါသည်။

# ရေကြီးနစ်မြုပ်ဒေသများအတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ လှူဒါန်းသည့် လယ်ယာထောက်ကူပစ္စည်းများ ပေးအပ်ပွဲ








ရာဂီမုန်တိုင်းအရှိန်ကြောင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်များတွင် သီးနှံများ ထိခိုက်ပျက်စီးမှုအပေါ် ပြန်လည်စိုက်ပျိုးရန်နှင့် ထိခိုက်ဧကများအထွက်နှုန်းမလျော့နည်းစေရေးအတွက်မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ညီနောင်အသင်းအဖွဲ့များ၊ ကုမ္ပဏီများမှ ကျပ်သိန်း (၅၀၀၀) တန်ဖိုးရှိသည့် ထောက်ပံ့ပစ္စည်းများအား တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့သို့ လှူဒါန်းပေးအပ်ခဲ့ပါသည်။

အဆိုပါ လှူဒါန်းငွေများအား နေပြည်တော်ကောင်စီနယ်မြေ၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့အား လွှဲပြောင်းလှူဒါန်းပေးအပ်ခဲ့ရာ နေပြည်တော်ကောင်စီနယ်မြေအတွက် လှူဒါန်းပေးအပ်ပွဲကို (၁၄-၁၁-၂၀၂၄) ရက်နေ့တွင် ပျဉ်းမနားမြို့နယ်၊ သနပွင်ဆိပ်ကျေးရွာတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

လှူဒါန်းပေးအပ်ပွဲသို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ၊ စိုက်ပျိုးရေးဦးစီးဌာန၊ စပါးသီးနှံဌာနခွဲမှ ညွှန်ကြားရေးမှူး၊ နေပြည်တော် တိုင်းစိုက်ပျိုးရေးဦးစီးမှူးနှင့် နေပြည်တော်ကောင်စီဒေသအတွင်း ရေကြီးနစ်မြုပ် ပျက်စီးခဲ့သည့် မြို့နယ်(၆)မြို့နယ်မှ တောင်သူလယ်သမားများ တက်ရောက်ခဲ့ပါသည်။

# ဖွဲနုဆီနှင့် စားသုံးဆီထုတ်လုပ်ရေးစက်ရုံ တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်သည့် မင်္ဂလာအခမ်းအနားကျင်းပ











မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ဖွဲ့စည်းထူထောင်ထားသော Myanmar Rice Bran Oil Co., Ltd (MRBO)၏ ဖွဲနုဆီနှင့် စားသုံးဆီထုတ်လုပ်ရေးစက်ရုံ (ပြည်ထောင်စုနယ်မြေ) တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်သည့် မင်္ဂလာအခမ်းအနားကို နေပြည်တော်၊ ပျဉ်းမနားမြို့နယ်ရှိ MAPCO ဆန်စက်ဝန်းတွင် ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ (၇)ရက်နေ့၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့ ပါဝင်တက်ရောက်ချီးမြှင့်ပြီး Solvent Extraction Plant တည်ဆောက်မည့်နေရာတွင် မင်္ဂလာပန္နက်တိုင်များ ရိုက်သွင်း၍ တည်ဆောက်ရေး အစီအစဉ်စတင်ခဲ့ပါသည်။

ယခုစတင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ဖွဲနုဆီကြမ်း၊ ဆီချောနှင့် စားသုံးဆီထုတ်လုပ်ရေးစက်ရုံ (ပြည်ထောင်စုနယ်မြေ)သည် တစ်နှစ်လျှင် ဆီကြမ်း တန်ချိန်(၉၀၀၀)၊ ဆီချောတန်ချိန်(၆၃၀၀)ခန့်ကို ထုတ်လုပ်နိုင်မည်ဖြစ်ပြီး၊ မြန်မာနိုင်ငံ၏ ပထမဦးဆုံး ဖွဲနုဆီဆီကြမ်းနှင့် ဆီချော(Refinery) ပါဝင်သည့် စက်ရုံဖြစ်ပါသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် အလားတူ ဖွဲနုဆီနှင့် စားသုံးဆီထုတ်လုပ်ရေး အစီအစဉ်များကို ဆက်လက်တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

# မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ Good Rice ၊ Good Price အစီအစဉ်ဆောင်ရွက်မှု

ပြည်တွင်းဆန်ဈေးနှုန်းများ မြင့်တက်လာမှုကြောင့် စက်ရုံအလုပ်ရုံ၊ စက်မှုဇုန်များမှ ဝန်ထမ်းများ၊ အခြေခံလုပ်သားပြည်သူများ၊ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ အသင်းအဖွဲ့များအတွက် တစ်နိုင်တစ်ပိုင်အဖြစ် တစ်လလျှင်(၁၀)ကီလို ဆန်အိတ်ငယ်များအဖြစ် ပေါ်ဆန်းဆန်(၁)အိတ်၊ ဧည့်မထဆန်(၁)အိတ်ကို ဈေးနှုန်းသက်သာစွာဖြင့် (၂၀၂၂)ခုနှစ်မှ စတင်၍ လစဉ်ရောင်းချပေးနိုင်ခဲ့ပါသည်။ ပုံမှန်အားဖြင့် ပေါ်ဆန်းဆန်(၁၀)ကီလို အိတ်နှင့် ဧည့်မထ(၁၀)ကီလိုအိတ်များအား လစဉ်ပျမ်းမျှ(၂)သောင်း (၃)သောင်းခန့် ရောင်းချပေးနိုင်ခဲ့ပါသည်။

(၁.၁.၂၀၂၄) မှ (၃၁.၁၂.၂၀၂၄) ရက်နေ့အထိ Good Rice Good Price အစီအစဉ်ဖြင့် ဆန်များ ရောင်းချမှုဇယား

| စဉ် | အကြောင်းအရာ | ပေါ်ဆန်း(10Kg) | ဧည့်မထ(10Kg) | စုစုပေါင်း |
|---|---|---|---|---|
| ၁။ | ဌာနဆိုင်ရာ | ၁၃၂၃၇၁ | ၁၄၄၉၇၉ | ၂၇၇၃၅၀ |
| ၂။ | စက်မှုဇုန်နှင့်စက်ရုံအလုပ်ရုံ | ၆၃၄၃၁ | ၁၃၂၅၀၉ | ၁၉၅၉၄၀ |
| ၃။ | အသင်းအဖွဲ့အရောင်းများ | ၁၆၆၀၀ | ၁၁၈၈၄ | ၂၈၄၈၄ |
| | စုစုပေါင်း | ၂၁၂၄၀၂ | ၂၈၉၃၇၂ | ၅၀၁၇၇၄ |

## မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အစီအစဉ်ဖြင့် အရန်ဆန်များရောင်းချပေးမှု

ပို့ကုန်အခြေပြုအရန်ဆန်များကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် ပို့ကုန်တန်ချိန်အပေါ် မူတည်၍ ဝယ်ယူစုဆောင်းခဲ့ပါသည်။ အဆိုပါ အရန်ဆန်များအား အောက်ပါအတိုင်းကဏ္ဍ (၆)ခုသို့ သင့်တင့်မျှတသော ဈေးနှုန်းများဖြင့် ပြန်လည်ရောင်းချပေးခြင်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

(၁.၁.၂၀၂၄)ရက်နေ့မှ (၃၁.၁၂.၂၀၂၄)နေ့အထိ ဖြန့်ဖြူးမှု

| စဉ် | အကြောင်းအရာ | အိတ်ရေ |
|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး လက်လီဆန်ဆိုင် (၅၈)ဆိုင်မှတဆင့် ရောင်းချခြင်း။ | ၂၇၁၄၈ |
| ၂။ | ကာကွယ်ရေးဝန်ကြီးဌာန၊ တိုင်းစစ်ဌာနချုပ် (၉)ခုရှိတပ်ရင်းတပ်ဖွဲ့ မိသားစုဝင်များအတွက်လစဉ်ရောင်းချခြင်း။ | ၉၉၂၉၀ |
| ၃။ | ဝန်ကြီးဌာန၊ ဌာနဆိုင်ရာ (၃)ခုသို့ ရောင်းချခြင်း။ | ၂၀၇၆၂ |
| ၄။ | အမ်းဒေသသို့ရောင်းချခြင်း ပထမအကြိမ် (ဧပြီလ) (၆၂၀၅)အိတ် ဒုတိယအကြိမ် (မေလ) (၆၁၇၀)အိတ် | ၁၂၃၇၅ |
| ၅။ | အခြား (ကုမ္ပဏီနှင့် အသင်းအဖွဲ့) များသို့စနစ်တကျရောင်းချခြင်း | ၂၄၂၅၉ |
| ၆။ | ရေဘေးအလှူအတွက်ရောင်းချခြင်း | ၁၅၃၇၀ |
| | စုစုပေါင်းဖြန့်ဖြူးမှု | ၁၉၉၂၀၄ |

# စားသုံးသူပြည်သူများအတွက် သင့်တင့်မျှတသော ဈေးဖြင့် ဆန်ရောင်းချပေးခြင်း




















# ရန်ကုန်စည်ပင်သာယာနယ်နမိတ်ရှိ မြို့နယ်များမှ ဆန်လက်လီအရောင်းဆိုင် လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ၊ စီမံခန့်ခွဲရေးကော်မတီနှင့် ရန်ကုန်စည်ပင်သာယာနယ်နမိတ်ရှိ မြို့နယ်များမှ ဆန်လက်လီအရောင်းဆိုင် လုပ်ငန်းရှင်များ၏ တွေ့ဆုံဆွေးနွေးပွဲကို (၁-၈-၂၀၂၄) ရက်နေ့တွင် မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၊ ဝါးတန်းကုန်စည်ဒိုင်၌ ကျင်းပခဲ့ပါသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် စားသုံးရေးရာဦးစီးဌာနမှ လစဉ်ထုတ်ပြန်သော ရည်ညွှန်းဈေးနှုန်းများထက် ပိုမိုရောင်းဝယ်ခြင်း မပြုရန်၊ အရည်အသွေး စံချိန်စံနှုန်းများကို သတိပြုရန်၊ ဆန်သိုလှောင် ဈေးနှုန်းမြှင့်တင် ရောင်းချမှုများအပေါ် အရေးကြီးကုန်စည် ဥပဒေဖြင့် အရေးယူသည့် ကိစ္စအပေါ် သတိပြုပြီး ဆောင်ရန်/ ရှောင်ရန် ကိစ္စများ၊ လက်လီဆိုင်များမှ လိုအပ်သော ရွှေဘိုပေါ်ဆန်း၊ ရောဝတီပေါ်ဆန်းဆန်များ ဖြန့်ဖြူးပေးရန် ကိစ္စများအပေါ် ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။












# ဆန်စပါးမျိုးစေ့ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် Export Zoneများ ဖော်ဆောင်ရေးအတွက် အစိုးရ-ပုဂ္ဂလိက တွေ့ဆုံ ဆွေးနွေးပွဲကျင်းပ








စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဆန်စပါးမျိုးစေ့ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် Export Zone များ ဖော်ဆောင်ရေးအတွက် အစိုးရ-ပုဂ္ဂလိက တွေ့ဆုံဆွေးနွေးပွဲကို (၂၅.၃.၂၀၂၄) ရက်နေ့တွင် နေပြည်တော်ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ နဝရတ်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

## အစိုးရ-ပုဂ္ဂလိက တွေ့ဆုံဆွေးနွေးပွဲမှ ဖော်ထုတ်ချက်များ

(၁) မျိုးစေ့ထုတ်လုပ်ငန်းများ ကွဲပြားစွာ ပြန့်ကြဲလျက်တည်ရှိနေမှုအား စုစည်းပေးရန်နှင့်ပုဂ္ဂလိက မျိုးစေ့ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF) မှ စုစည်း၍ ညှိနှိုင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များ၊ တွေ့ဆုံပွဲများနှင့် ဈေးကွက်သတင်းအချက်အလက် စီးဆင်းမှုများကို တိုးမြှင့်ဆောင်ရွက်ပေးရန်။

(၂) ရေမြေ ရာသီဥတုနှင့် ကိုက်ညီပြီး ဈေးကွက် ဝယ်လိုအားရှိသော မျိုးကောင်းမျိုးသန့်(၁၀) မျိုးကို ပွါးများထုတ်လုပ်နိုင်ရေးနှင့် မျိုးများ များပြားနေမှုအပေါ် လျှော့ချဆောင်ရွက်နိုင်ရေး အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရန်။

(၃) ပြည်တွင်းဈေးကွက်အတွက်နှင့် ပြည်ပဈေးကွက်အတွက် စပါးမျိုး (၁၀) မျိုးစီကို မျိုးထုတ်လုပ်ပွါးများမှု စဉ်ဆက်မပြတ် အားပေးမြှင့်တင်ဆောင်ရွက်ရန်၊ ပြည်တွင်းအတွက် - ပေါ်ဆန်း၊ မနောသုခ၊ ဆင်းသုခ၊ ရှေ့မင်း၊ ရှေ့ပဒေသာ၊ ပခမ်း၊ အညာသား၊ မော်ဘီ-၂၊ မော်ဘီ-၃၊ ကောက်ညှင်း၊ ပြည်ပအတွက် - သီးထပ်ရင်၊ ရက်-၉၀၊ ထွန်းပု၊ ကရင်မ၊ ဇိမ်ရာကျော်၊ ရတနာတိုး၊ GW-11၊ နံကောက်၊ နယုံးရော၊ အင်းမရဲဘော်။

(၄) ပြည်ပတင်ပို့မှုအတွက် ဈေးကောင်းရနိုင်သော Long Grain, Extra-long grain အမျိုးအစားများအနက် မွှေးရနံ့ရှိသော Myanmar Fragrant Rice (long Grain Type)နှစ်မျိုးခန့်ကို ရှာဖွေဖော်ထုတ်ပြီး မျိုးထုတ်နိုင်ရေး စီစဉ်ဆောင်ရွက်ရန်။

(၅) ပြည်ပသို့ နှစ်စဉ်ဆန်တန်ချိန်(၄)သန်းမှ(၅)သန်းအထိ တိုးမြှင့်တင်ပို့နိုင်ရေး ဆန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း (၁၅၀၀) အထိ ရရှိနိုင်ရေး မျှော်မှန်းဆောင်ရွက်ရန်။










(၆) စပ်မျိုးစပါး (hybrid rice) စိုက်ပျိုးမှုကို စုစုပေါင်းစိုက်ပျိုးမှု၏ ၅%ခန့် အထိ ကာလတို (၃)နှစ်အတွင်း တိုးမြှင့်နိုင်ရေး နွေစပါးရာသီတွင် တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ မိုးစပါးရာသီတွင် သင့်လျော်သော နေရာများ/ ဆည်ရေသောက်နေရာများတွင် စိုက်ပျိုးနိုင်ရေးကို အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရန်။

(၇) မျိုးစေ့ထုတ်လုပ်ငန်းများအတွက် သိုလှောင်ရုံ ကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေး ထောက်ပံ့မှုစနစ် (Warehouse Receipt Financing) စနစ် ပေါ်ပေါက်လာရေး ဦးစားပေး၍ စီစဉ်ဆောင်ရွက်နှင့် တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်ရေး ညှိနှိုင်းစီစဉ်ပေးရန်။

(၈) အသေးစား၊ အလတ်စား MSME မျိုးစေ့ထုတ်လုပ်သူများ (MSME Seed Producer) များအတွက် မျိုးစေ့အခြောက်ခံစက်၊ မျိုးစေ့သိုလှောင်ရုံနှင့် မျိုးစေ့သန့်စင်စက်များ ထူထောင်ခြင်းနှင့် လည်ပတ်ရင်းနှီးငွေ (Working Capital)အတွက် သင့်တင့်မျှတသော အတိုးနှုန်းဖြင့် ချေးငွေ ရရှိနိုင်ရေး ကူညီဆောင်ရွက်ပေးရန်။

(၉) MSME Seed Producers များ၊ Seed Grower တောင်သူများအတွက် မျိုးစေ့ထုတ် သမဝါယမအသင်းများ ဖွဲ့စည်းပြီး ချေးငွေအစီအစဉ်များဖြင့် ထောက်ပံ့နိုင်ရေးကို သမဝါယမဦးစီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့မှ ပူးပေါင်း၍ စီစဉ်ဆောင်ရွက်ပေးရန်။

(၁၀) ပြည်ထောင်စုနယ်မြေ(နေပြည်တော်)တွင် ဆောင်ရွက်နေသည့် ခေတ်မီစံပြ မျိုးစေ့ထုတ်ဖုန် (MRF Co-op Project) တွင် ဌာနများမှ အစိုးရ - ပုဂ္ဂလိက ပူးပေါင်း၍ ဆောင်ရွက်သည့် လုပ်ငန်းအဖြစ် ပူးပေါင်းပါဝင်အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(၁၁) မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF)မှ တပ်ကုန်းမြို့နယ်တွင် ဆောင်ရွက်မည့် ပုဂ္ဂလိက စပါးမျိုးစေ့ထုတ်လုပ်ရေးခြံအား ပိုမို၍ အားကောင်းစေမည့် Private-Led Plant Breeding Institute တစ်ခု ထူထောင်သွားရန်။









(၁၂) ဆန်စပါးအထူးပြု ကုမ္ပဏီများ၏ Export Zoneများ သတ်မှတ်ဆောင်ရွက်နိုင်ရေးအတွက် နေပြည်တော်ကောင်စီ၊ ဧရာဝတီ၊ ပဲခူး၊ ရန်ကုန်တို့တွင် မြို့နယ်အလိုက် ဆန်စပါးအထူးပြုကုမ္ပဏီ(၃)-(၄)ခုအား ဌာနများ၏ ပူးပေါင်းကူညီမှုဖြင့် ယခုနှစ် မိုးစပါးရာသီမှ စတင်ဆောင်ရွက်ရန်နှင့် အထူးအထွက်တိုးဇုန်များအဖြစ် သတ်မှတ်၍ ပန်းတိုင်အထွက်နှုန်းရရှိရေး အလေးပေး ဆောင်ရွက်ရန်။

(၁၃) ဆန်စပါး Export Zoneများအတွက် လိုအပ်သော မျိုးများကို မျိုးစေ့ထုတ်လုပ်ငန်းများမှ ရရှိနိုင်ရေး ချိတ်ဆက်စီစဉ်ပေးရန်နှင့် အဆိုပါဇုန်များရှိ တောင်သူများမှ ထုတ်လုပ်သည့် စပါးများကို ဈေးကွက်ပေါက်ဈေးနှင့်အညီ တောင်သူများထံမှ အပြည့်အဝ ပြန်လည်ဝယ်ယူကာ ကြိတ်ခွဲထုတ်လုပ် တင်ပို့ရောင်းချသည့် export supply chain, export value chainများ ပီပီပြင်ပြင် ပေါ်ထွက်စေရေး စီစဉ်ဆောင်ရွက်ရန်။

(၁၄) ဆန်စပါး အထူးပြုကုမ္ပဏီများနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက် အကောင်အထည်ဖော်မည့် export zoneများ အတွက် ကုမ္ပဏီများအနေဖြင့် အမြန်ဆုံး ကွင်းဆင်းညှိနှိုင်း၍ မိုးစပါးရာသီမှ စတင်ဆောင်ရွက်နိုင်ရေး ဆောင်ရွက်ရန်။

(၁၅) စပါးမျိုးစေ့ထုတ်လုပ်ငန်း အမှန်တကယ် ထိရောက်စွာ လုပ်ဆောင်နေသူများ၊ Export Zone များရှိ တောင်သူများ ပူးပေါင်း ဆောင်ရွက်သည့် အကျိုးတူကနဲထရိုက်လယ်ယာလုပ်ငန်းများ ထိရောက်အောင်မြင်စေရန် နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကဘဏ် များမှ ကာလတိုချေးငွေများ ရရှိနိုင်ရေး အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရန်။

(၁၆) နိုင်ငံတော်၏ လမ်းညွှန်ချက်ဖြစ်သည့် မျိုး၊ မြေ၊ ရေ၊ နည်း ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပုဂ္ဂလိက လုပ်ငန်းများအနေဖြင့် ဒေသ အသီးသီးတွင် ပါဝင်ပူးပေါင်း အားဖြည့်ဆောင်ရွက်ပေးရန်။

(၁၇) မျိုးစေ့ထုတ်လုပ်ငန်းများအနေဖြင့် လယ်ယာမြေများတွင် အခြောက်ခံစက်၊ မျိုးသန့်စင်စက်၊ ထုပ်ပိုး/သိုလှောင်မှု စက်ရုံများ ရင်းနှီးမြှုပ်နှံ ဆောင်ရွက်လိုပါတည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီသာ အဆိုပြုတင်ပြရန်နှင့် ခွင့်ပြုချက် မရမီ ကြိုတင်ဆောင်ရွက်မှုများ၊ ခွင့်ပြုချက်မရှိဘဲ ဆောင်ရွက်မှုများကို အထူးအလေးထား၍ ရှောင်ကြဉ်ရန်။

# တရုတ်နိုင်ငံ နှင့် တရုတ်(တိုင်ပေ)သို့ လေ့လာရေးခရီးစဉ်

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင် ဦးဆောင်သော အဖွဲ့ဝင်(၂၈)ဦးပါ မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်နိုင်ငံနှင့် တရုတ်(တိုင်ပေ)သို့ (၁၇.၁၂.၂၀၂၄) မှ (၂၄.၁၂.၂၀၂၄)ရက်နေ့အထိ ကုန်သွယ်မှုအခွင့်အလမ်းများ တိုးမြှင့်ရန်၊ နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအကြား ရင်းနှီးချစ်ခင်မှုတိုးပွားရန်၊ အဖွဲ့အစည်းများအချင်းချင်း ဆက်သွယ်ရေး တိုးမြှင့်ရန်၊ ဈေးကွက်သတင်းအချက်အလက်များ ဖလှယ်ရန်၊ ခေတ်မီဆန်စက်များ၊ ဆန်စပါးဆိုင်ရာနည်းပညာရပ်များအား လေ့လာရန်နှင့် ဆန်စက်နှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခွင့်ရရှိနိုင်ရန် အဓိက ရည်ရွယ်၍ သွားရောက်ခဲ့ပါသည်။

ခရီးစဉ်အတွင်း တိုင်ပေနိုင်ငံရှိ တိုင်ပေကုန်သွယ်မှုစင်တာ၊ Taiwan Ministry Of Agriculture၊ Yi He Rice Mill၊ Xiluo Farmer Association၊ Rice House၊ Rice Museum နှင့် ဟုန်းရွှယ် ကောက်ညှင်းဘုရင် ဆန်စက်၊ တရုတ်နိုင်ငံရှိ Chen Liang Ji Co.,Ltd နှင့် Anysort Co.,Ltd တို့အား သွားရောက်ခဲ့ကြပါသည်။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် Anysort Co.,Ltd တို့အကြား ဆန်စက်နှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းဆိုင်ရာ သဘောတူ လက်မှတ်ရေးထိုးခဲ့ကြပြီး အသင်းချုပ်အနေဖြင့် ပြည်တွင်းရှိ ကုမ္ပဏီများ ဆန်စက်နှင့်ဆက်စပ်ပစ္စည်းများတင်သွင်းခွင့်ရရှိရေးအတွက် လိုအပ်သော လိုင်စင်ရရှိနိုင်ရေး၊ နိုင်ငံခြားငွေခွင့်ပြုမှုရရှိနိုင်ရေးကိစ္စရပ်များအား ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။




















# အသင်းချုပ်ဥက္ကဋ္ဌ ဦးဆောင်သည့်အဖွဲ့ဝင်များ ထိုင်းနိုင်ငံသို့လေ့လာရေးခရီးစဉ်

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးဆောင်၍ အဖွဲ့ဝင် (၈၅) ဦးပါဝင်သောအဖွဲ့သည် ထိုင်းနိုင်ငံသို့ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ (၁၇) ရက်နေ့မှ (၁၉) ရက်နေ့အထိ လေ့လာရေးခရီးသွားရောက်ခဲ့ပြီး၊ ခရီးစဉ်အတွင်း Thai Rice Exporter Association (TREA) နှင့်တွေ့ဆုံခဲ့ပြီး ဆန်စပါးလုပ်ငန်းဆိုင်ရာအခြေအနေများ၊ နိုင်ငံတကာဈေးကွက် အခြေအနေများကို ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

ထို့အပြင် Thai Feed Mills Association (TFMA) နှင့်တွေ့ဆုံပြီး နှစ်နိုင်ငံ ပူးပေါင်း၍ ဆန်ကွဲ၊ ပြောင်း စသော Animal Feed ကုန်သွယ်မှုလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကာ ခရီးစဉ်အတွင်း Olam (Thailand)၏ တစ်နှစ် တန်(၃)သိန်း ပြည်ပ တင်ပို့နေသည့် ဆန်ဖြူသန့်စင်ရောနှောစက်ရုံ၊ Siam Crystal ၏ တစ်နေ့တန် (၅၀၀) ဖွဲနှဆီကြမ်းနှင့် တန်(၁၅၀) ဖွဲနှဆီသန့်စင်စက်ရုံ၊ 4.5 MGW စပါးခွံမှ လျှပ်စစ်ထုတ်စက်ရုံ၊ တန် (၁၀၀၀) ပေါင်းဆန်စက်ရုံများ၊ CP Group နှင့် Riceland Group တို့၏ ခေတ်မီ ဆန်စက်များ၊ အခြောက်ခံစက်များနှင့် သိုလှောင်ရုံများ၊ Anysort (Color Sorter) ပြခန်းနှင့် ဆန်စပါးလုပ်ငန်းဆိုင်ရာ မိတ်ဖက် အဖွဲ့အစည်းများနှင့် ဆန်စပါးစိုက်ပျိုးရေး၊ ကြိတ်ခွဲရေးနှင့် ကုန်သွယ်ရောင်းဝယ်ရေး၊ ဆန်စပါးဆိုင်ရာ နည်းပညာရပ်များ၊ အရည် အသွေး တန်ဖိုးမြှင့်တင်မှုများဆိုင်ရာများကို ဆွေးနွေးညှိနှိုင်းခြင်း၊ လေ့လာခြင်းများကို ပြုလုပ်ခဲ့ပါသည်။

ခရီးစဉ်တွင် ရန်ကုန်တိုင်း၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း နှင့် ရခိုင်ပြည်နယ်တို့ရှိ ဆန်စပါးလုပ်ငန်း အသီးသီး၏ ကိုယ်စားလှယ်များ၊ မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက် (MITS) တို့မှ ကိုယ်စားလှယ်များ ပူးပေါင်းပါဝင်လိုက်ပါခဲ့ကြပါသည်။





















# ဗီယက်နမ်နိုင်ငံ Da Nang မြို့တွင် ကျင်းပသည့် SS Rice New Convention 2024

ဗီယက်နမ်နိုင်ငံ Da Nang မြို့တွင် ၂၀၂၄ ခုနှစ် မတ်လ (၆) ရက်နေ့မှ (၈)ရက်နေ့အထိ ကျင်းပသည့် SS Rice New Convention 2024 သို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးအောင်ဇော်ဦး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ဝင် (၂၁)ဦးတို့ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

SS Rice New Convention 2024 သို့ တရုတ်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ EU နိုင်ငံများ၊ ဖိလစ်ပိုင်နိုင်ငံ၊ အာဖရိကနိုင်ငံများနှင့် နိုင်ငံတကာမှ ဆန်ဝယ်ယူသည့် အဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ လူပုဂ္ဂိုလ်များ ပါဝင်တက်ရောက်ခဲ့ပြီး၊ ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ မြန်မာနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့မှ ဆန်ရောင်းချသည့်အဖွဲ့အစည်းများ၊ ကုမ္ပဏီများမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ Convention တွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ဇော်ဦးမှ (၇.၃.၂၀၂၄) ရက်နေ့တွင် မြန်မာနိုင်ငံ၏ ဆန်စပါးအခြေအနေများနှင့် ပတ်သက်ပြီး “Key Updates on Myanmar 2023-2024” ခေါင်းစဉ်ဖြင့် Presentation တင်ပြရှင်းလင်းခြင်းနှင့် နိုင်ငံတကာကိုယ်စားလှယ်များဖြင့်လည်း ကမ္ဘာ့ဆန်ဈေးကွက်အခြေအနေများနှင့် စပ်လျဉ်း၍ Panel Discussion တွင် ပါဝင်ဆွေးနွေးခဲ့ပါသည်။













# ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ စတုတ္ထအကြိမ်မြောက် တန်းမြင့်ဆန်များ တင်ပို့ရောင်းချခြင်း









မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တန်းမြင့်ဧည့်မထ(၅%)ဆန်အား တင်ပို့ရန်အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Directorate General Of Food (Ministry of Food) နှင့် မြန်မာနိုင်ငံမှ Myanmar Rice Federation (MRF) တို့အကြား ဆန်ရောင်းဝယ်မှုဆိုင်ရာ နှစ်ဖက်သဘောတူညီမှုအဖြစ် စတုတ္ထအကြိမ်မြောက် G to G MOU စာချုပ်အား (၁၂.၁၂.၂၀၂၄) ရက်နေ့တွင် တန်ချိန် (၁)သိန်း လက်မှတ်ရေးထိုးခဲ့ကြပါသည်။

အဆိုပါစာချုပ်အရ မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တင်ပို့ခြင်းလုပ်ငန်းအား မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ကြီးကြပ်စီစဉ်ဆောင်ရွက်ခဲ့ပြီး အသင်းချုပ်၊ အသင်းဝင်ကုမ္ပဏီ ( ၃၄ ) ခုမှ စုစုပေါင်း ဆန်တန်ချိန် (၁)သိန်းကို စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များနှင့်အညီ ရန်ကုန်နှင့်ပုသိမ်ဆိပ်ကမ်းများမှ တင်ပို့လျက်ရှိပါသည်။ လက်ရှိအချိန်ထိ ဆန်တန်ချိန်စုစုပေါင်း (၅၀၅၀၀)တန်အား တင်ပို့ပြီးစီးခဲ့ပြီး ဆက်လက်တင်ပို့ရန် ဆန်တန်ချိန်များအား ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ပထမပတ်အတွင်း အပြီးတင်ပို့သွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ G to G MOU အရ တန်းမြင့် ဧည့်မထ (၅%)ဆန်အား ဆန်ရောင်းဝယ်မှုဆိုင်ရာ နှစ်ဖက်သဘောတူညီမှုများအနေဖြင့် ပထမအကြိမ်အဖြစ် (၁၅.၁၀.၂၀၂၇)ရက်နေ့တွင် တန်ချိန်(၁)သိန်း၊ ဒုတိယအကြိမ်အဖြစ် (၄.၂.၂၀၂၁)ရက်နေ့တွင် တန်ချိန်(၁)သိန်း နှင့် တတိယအကြိမ်အဖြစ် (၈.၉.၂၀၂၂)ရက်နေ့တွင် တန်ချိန်(၂)သိန်း စုစုပေါင်းတန်ချိန် (၄)သိန်းအား အောင်မြင်စွာ တင်ပို့နိုင်ခဲ့ပြီး ယခုစာချုပ်ချုပ်ဆိုမှုသည် စတုတ္ထအကြိမ်တင်ပို့မှုဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

# တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဆန်၊ ဆန်ကွဲတင်ပို့ရာတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနား ကျင်းပ

စိုက်ပျိုးရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့မှ ပူးပေါင်းစီစဉ်ကျင်းပသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဆန်/ ဆန်ကွဲ တင်ပို့ခွင့်ရရှိရေးအတွက် လိုက်နာဆောင်ရွက်ရမည့် Sanitary and Phytosanitary – SPS Protocol ဆိုင်ရာ လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို (၁၆-၈-၂၀၂၄) ရက်နေ့တွင် UMFCCI (မင်္ဂလာခန်းမ) ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှင်းလင်းဆွေးနွေးပွဲတွင် SPS Protocol အရ ကွင်းဆင်းစစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ပိုးမွှားကင်းရှင်းကြောင်း သက်သေခံ လက်မှတ်ထုတ်ပေးခြင်း လုပ်ငန်းစဉ်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဆန်/ ဆန်ကွဲတင်ပို့မည့် ကုမ္ပဏီများ၏ ဆန်စက်များ၊ သိုလှောင်ရုံများအား သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ထားရှိရေး လုပ်ငန်းစဉ်များ၊ ဆန်စက်လုပ်သားများ၏ ကျန်းမာရေး၊ သန့်ရှင်းရေးဆိုင်ရာ သိကောင်းစရာများ၊ ဆန်/ ဆန်ကွဲတင်ပို့ရာတွင် ကုမ္ပဏီများမှ လိုက်နာဆောင်ရွက်ရမည့် သိုလှောင်ရုံတွင် ကုန်ပစ္စည်း သိုလှောင်ထားရှိမှု စိစစ်ခြင်းနှင့် GACC တွင် မှတ်ပုံတင်ခွင့်အတွက် Online Registration ဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် အဆင့်ဆင့်များကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့ပါသည်။










# သဘာဝမြေဩဇာ စံပြကွက်များ ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ ကွင်းသရုပ်ပြပွဲကျင်းပခြင်း

စိုက်ပျိုးရေးဦးစီးဌာန၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် သဘာဝမြေဩဇာ ထုတ်လုပ်သည့် ကုမ္ပဏီများ ပူးပေါင်း၍ တောင်သူများ သဘာဝမြေဩဇာသုံးစွဲမှု တိုးမြှင့်နိုင်ရေးအတွက် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ထားရှိသည့် သဘာဝမြေဩဇာ ပေါင်းစပ်အကျိုးပြုမှုကို လေ့လာခြင်း သုတေသနစံပြကွက်၊ သရုပ်ပြပွဲအခမ်းအနားအား ၇-၁၁-၂၀၂၄ ရက်နေ့တွင် လှည်းကူးမြို့နယ်၊ တိုက်ကြီးမြို့နယ်၊ မှော်ဘီမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်တို့ရှိ သက်ဆိုင်ရာကုမ္ပဏီအလိုက် စံပြကွက်တည်နေရာများတွင် ကျင်းပပြုလုပ်ခဲ့ရာ စိုက်ပျိုးရေးဦးစီးဌာန၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် သဘာဝမြေဩဇာကုမ္ပဏီများမှ တာဝန်ရှိသူများ၊ တောင်သူလယ်သမားများ တက်ရောက်ခဲ့ကြပါသည်။

သုတေသနစံပြကွက်များအား တောင်သူပညာပေးပြသခြင်း၊ စံကွက်ရိတ်သိမ်းခြင်းများကို ဒေသအလိုက် စံပြကွက်များတွင် ဆောင်ရွက်ခဲ့ရာ (၂၉-၁၀-၂၀၂၄) ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်တွင် လည်းကောင်း၊ (၅-၁၁-၂၀၂၄) ရက်နေ့တွင်၊ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်တွင် လည်းကောင်း၊ (၁၉-၁၁-၂၀၂၄) ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်တွင်လည်းကောင်း (၂၅.၁၁.၂၀၂၄) ရက်နေ့တွင် နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နယ်တွင်လည်းကောင်းဆက်လက် ဆောင်ရွက်ခဲ့ပါသည်။











# စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ ပူးပေါင်းဆောင်ရွက်သော မျိုးသန့်ထုတ်လုပ်ခြင်း ကွင်းသရုပ်ပြပွဲကျင်းပ













စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ ပူးပေါင်း၍ နိုင်ငံတကာ ဈေးကွက်ဝင် စပါးမျိုးများဖြစ်သည့် ကရင်မထိပ်ဆောင်း၊ ထွန်းပု၊ ငစိန်ရာကျော်နှင့် ရက်-၉၀ စပါးမျိုးများအား မျိုးသန့်မျိုးစေ့များ ရရှိအသုံးပြုနိုင်ရန် ရည်ရွယ်၍ မျိုးပွားများခြင်း သုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ မျိုးသန့်ပွားများ ထုတ်လုပ်ပေးထားသည့် ထွန်းပု၊ ရက်-၉၀ စပါးမျိုးများ စိုက်ပျိုးပွားများထားရှိမှု၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးလျှင် ရရှိနိုင်မည့် အကျိုးကျေးဇူးများအား သိရှိစေရန် ရည်ရွယ်၍ တောင်သူကွင်းသရုပ်ပြပွဲကို (၁၈-၅-၂၀၂၄) ရက်နေ့တွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စပါးသီးနှံသုတေသန ဇဟိုဌာနစိုက်ကွင်း၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ ကွင်းသရုပ်ပြပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများနှင့် တောင်သူလယ်သမားများ တက်ရောက်ခဲ့ကြပါသည်။

# မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်များ အစည်းအဝေးကျင်းပ

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်များ လုပ်ငန်းညှိနှိုင်း အစည်းအဝေးအား (၁၂-၃-၂၀၂၄)ရက်နေ့တွင်လည်းကောင်း၊ (၁၂-၇-၂၀၂၄) ရက်နေ့တွင်လည်းကောင်း ကုန်သည်စက်မှုအသင်းချုပ် (UMFCCI) မင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးများတွင်ပြည်တွင်းစားသုံးဆန်များအားသင့်တင့်မျှတသောဈေးကွက်ဈေးနှုန်း၊ရည်ညွှန်းဈေးများဖြင့်ရောင်းချပေးသည့် အစီအစဉ်တွင် ဆန်စက်လုပ်ငန်းရှင်များ၊ ဆန်စပါးကုန်သည်များ၊ အသင်းချုပ်၏ အမှုဆောင်များအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရေး၊ ဆန်လက်ကားဈေးကွက်တွင် ရည်ညွှန်းဈေးဖြင့် ရောင်းချသကဲ့သို့ အခြေခံစားသုံးသူပြည်သူများ ဝယ်ယူသည့် လက်လီအရောင်းဆိုင်များမှလည်း ရည်ညွှန်းဈေးဖြင့် ရောင်းချပေးနိုင်ရေး၊ ရန်ကုန်ဈေးကွက်၊ နေပြည်တော်နှင့် မန္တလေးဈေးကွက်များသို့ ဧရာဝတီပေါ်ဆန်း၊ ရွှေဘိုပေါ်ဆန်းဆန်များ စဉ်ဆက်မပြတ် စီးဝင်ရရှိစေရေး၊ အလေးချိန်မှန်၊ အရည်အသွေးမှန် ဆန်များကို ရောင်းချပေးရေး၊ ဆန်ဈေးကွက်ဈေးနှုန်းများနှင့် ကိုက်ညီသည့် အခြေခံ စပါးဈေးနှုန်းများ သတ်မှတ်ဝယ်ယူရေး၊ လစဉ်ရည်ညွှန်းဆန်ဈေးနှုန်း သတ်မှတ်နိုင်ရေးအတွက် လစဉ် တတိယအပတ်တွင် ကဏ္ဍစုံပါဝင်သည့် ညှိနှိုင်းအစည်းအဝေး ပြုလုပ်တင်ပြနိုင်ရေး၊ MyRO တွင် သိုလှောင်ရုံ မှတ်ပုံတင်ခြင်းကို ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။












# ဆန်စပါးမျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကျင်းပ

စိုက်ပျိုးရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့၏ ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံးတွင် (၁၂.၁၂.၂၀၂၄)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲသို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်နှင့် အကြံပေးပုဂ္ဂိုလ်များ၊ စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးပညာပေးရေးဌာနခွဲ၊ စပါးသီးနှံဌာနခွဲမှ ညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူးများ၊ အပင်ဇီဝနည်းပညာဌာနမှ ဌာနမှူးနှင့် တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်ဦးစီးမှူးများ၊ သီးနှံကျွမ်းကျင်တာဝန်ခံများ၊ Exporterကုမ္ပဏီများ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် ဆန်စပါးကဏ္ဍ ကာလတိုအတွင်း ဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့အကြား ပူးပေါင်းဆောင်ရွက်နိုင်မည့်အစီအစဉ်များ၊ နိုင်ငံစီးပွားမြှင့်တင်ရေး နွေစပါးစီမံကိန်းတွင် မျိုးစေ့များ ထည့်သွင်းဖြန့်ဖြူးပေးရေး၊ မျိုးကောင်းမျိုးသန့် မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးရေး၊ Export Zoneများ သတ်မှတ်စိုက်ပျိုးရေး၊ နွေစပါးတိုးချဲ့စိုက်ပျိုးရေးအတွက် ရေရရှိရေးလုပ်ငန်းများကို ပုဂ္ဂလိက ကဏ္ဍမှ ပါဝင်ဆောင်ရွက်နိုင်ရေး၊ စပါးအထွက်နှုန်း တိုးတက်ရေးအတွက် သင့်တော်သည့် ဧရိယာများတွင် စပ်မျိုးစပါးတိုးချဲ့ စိုက်ပျိုးရေး၊ Export စျေးကွက်ဝင် ဆန်စပါးမျိုးများအား အပင်ဇီဝနည်းပညာဌာနနှင့် ပေါင်းစပ်၍ မျိုးစေ့အဆင့်ဆင့်ထိန်းကျောင်းမျိုးပွားနိုင်ရေးတို့အား ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။












## Top 10 Rice & Broken Rice Buyer Countries (Jan to Dec 2024)







Other (35) Countries – 177444 MT

Other (19) Countries – 34924 MT

## Product Composition of Exported Rice (Jan to Dec 2024)




**Product Composition**

- Parboiled = 95360 MT
- Glutinous = 3068 MT
- 5%+10% = 1143784 MT
- 15% = 52071 MT
- 25 % = 355825 MT
- Broken Rice (A+B) = 1117306 MT

Total Export – 2767414 MT (Jan to Dec 2024)

## Rice & Broken Rice Export (Jan to Dec 2024)

### Export Quantity (MT)




### Export Income (USD)




Total Export – 2767414 MT
Total Export Revenue - 1332 Millions USD

# ဆန်စပါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သည့် သက်ကြီးဝါကြီးပုဂ္ဂိုလ်များအား စုပေါင်းကန်တော့ပွဲကျင်းပ













မြန်မာ့ဆန်စပါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ လုပ်ငန်းများ တိုးတက်အောင်မြင်စေရေးအတွက်လည်းကောင်း စေတနာအပြည့်ဖြင့် ထူးခြားပြောင်မြောက်စွာ ကြိုးပမ်းလုပ်ဆောင်ခဲ့သည့် ပုဂ္ဂိုလ်များ၊ ရှေ့ဆောင်ရှေ့ရွက်ပြုခဲ့ပြီး အကြံဉာဏ်ကောင်းများ၊ ဆုံးမလမ်းညွှန်မှုများပေးခဲ့သည့် ပုဂ္ဂိုလ်များအား မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ ဂါရဝပြု ကန်တော့ပွဲကို (၁၅-၁၀-၂၀၂၄) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ ကန်တော့ခံပုဂ္ဂိုလ် (၃၀) ဦးအား အသင်းချုပ်ဥက္ကဋ္ဌ အမှူးပြုသော ကော်မတီဝင်များ၊ အသင်းဝင်များ၊ ဝန်ထမ်းများမှ ဂါရဝပြုကန်တော့ခဲ့ပြီး၊ ကန်တော့ခံပုဂ္ဂိုလ်များမှ ဆုံးမစကား၊ လမ်းညွှန်အမှာစကားများ၊ အကြံပြုစကားများ အသီးသီးပြောကြားခဲ့ကြပါသည်။

# စုပေါင်း ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းပွဲကျင်းပ

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ ညီနောင်ဆန်စပါးအသင်းများ၊ ဆန်စပါးကုန်စည်ဒိုင်များ၊ ဆန်စပါး ကုမ္ပဏီများ၊ ဆန်စက်လုပ်ငန်းများ၊ ပွဲရုံများနှင့် မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကုမ္ပဏီလီမိတက် (MAPCO) တို့၏ စုပေါင်း ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအား (၁၂-၇-၂၀၂၄) ရက်နေ့၊ နံနက် (၁၀:၀၀) နာရီတွင် ရန်ကုန်မြို့၊ အမ္ဗာရာမကျောင်းတိုက်၌ ကျင်းပပြုလုပ်ခဲ့ပြီး အမ္ဗာရာမကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော်ထံမှ အနုမောဒနာတရား နာယူခဲ့ကြပါသည်။ ထို့နောက် အမ္ဗာရာမကျောင်းတိုက်ရှိ သံဃာတော်များအား ဝါဆိုသင်္ကန်းများ၊ နေ့ဆွမ်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့ပါသည်။











# ဆန်စပါးမိသားစုများ၏ (၂၀) ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန် သင်္ကန်းဆပ်ကပ်လှူဒါန်းပွဲကျင်းပ









မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံလူငယ်ဆန်စပါးလုပ်ငန်းရှင်များအသင်း၊ ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း၊ ဘုရင့်နောင်၊ မန္တလေး၊ မူဆယ်) ၊ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ်အသင်းခွဲများ၊ ဒေသကော်မတီများ၊ ဆန်စပါးကုမ္ပဏီများ၊ အသင်းဝင် ကုမ္ပဏီများ၊ ဆန်စက်ပိုင်များ၊ ကုန်သည်များ၊ အကျိုးဆောင်များ၊ ဆန်စပါးမိသားစုများ၏ စည်းလုံးညီညွတ်စွာ စုပေါင်းပါဝင် လှူဒါန်းသည့် **"(၂၀) ကြိမ်မြောက် မဟာဘုံကထိန်အလှူတော်မင်္ဂလာ"** အခမ်းအနားကို နေပြည်တော်ကောင်စီ၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်ရှိ မင်္ဂလာဗျူဟာသာသနာ့ဗိမာန်တွင် (၁၅-၁၁-၂၀၂၄) ရက်နေ့၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ အခမ်းအနားတွင် ကထိန်အာနိသင်ရကျောင်းဖြစ်သည့် နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နယ်၊ ဆရာစံရပ်ကွက်မှ မဟာသီဟနာဒစာသင်တိုက်ကြီး၌ သီတင်းသုံးတော်မူကြကုန်သော ပဓာနနာယက နိုင်ငံတော် ဗဟိုသံဃဝန်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု သက်တော်ရှည် ဆရာတော်ဘုရားကြီး အမှူးပြုသော စာချစာသင် သံဃာတော်အရှင်မြတ် (၂၀)ပါး၊ နေပြည်တော် ပျဉ်းမနားမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇေယျာသီရိမြို့နယ်၊ လယ်ဝေးမြို့နယ်ရှိ ပရိယတ္တိစာသင်တိုက်များ အပါအဝင် ဘုန်းတော်ကြီးကျောင်း (၁၉)ကျောင်းတို့မှ ပင့်သံဃာတော် (၁၉)ပါး အပါအဝင်၊ သံဃာတော် စုစုပေါင်း (၃၀)ပါး၊ သာမဏေ (၉)ပါးတို့အား အာရုဏ်ဆွမ်းနှင့် နေ့ဆွမ်း ဆက်ကပ်ခြင်း၊ ရပ်နီးရပ်ဝေး ဧည့်သည်များ အလှူရှင်များအား စတုဒိသာထမင်း နေ့လယ်စာဖြင့် တည်ခင်း ကျွေးမွေးခြင်း၊ သံဃာတော် အပါး(၃၀)ပါး၊ သာမဏေ(၉)ပါး တို့အား ကထိန်သင်္ကန်းနှင့် နဝကမ္မ အလှူတော်ငွေများ ဆက်ကပ်လှူဒါန်းခြင်း အပါအဝင်၊ ကထိန် အာနိသင်ရကျောင်းအတွက် ဗဟိုပဒေသာပင်နှင့် ပင့်သံဃာ (၂၉)ကျောင်းတိုက်အတွက် ပဒေသာပင်(၂၉)ပင်အား စာရေးတံမဲချ ဆက်ကပ်လှူဒါန်းခဲ့ပါသည်။ မဟာဘုံကထိန်လှူဒါန်းမှုအဖြစ် ကထိန်သင်္ကန်းနှင့် နဝကမ္မအလှူတော်ငွေကျပ် သိန်း (၂၀၀) နှင့် ပဒေသာပင်လှူဒါန်းမှုငွေကျပ် သိန်း (၁၅၀၀) အပါအဝင် လှူဒါန်းငွေစုစုပေါင်း ကျပ်သိန်း (၂၀၆၀) သိန်းကို စုပေါင်းလှူဒါန်းနိုင်ခဲ့ပါသည်။

# သတင်းထုတ်ပြန်ချက်များ

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်
မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းတို့နှင့်
ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း)၊ ဆန်စပါးကုန်စည်ဒိုင်(ဘုရင့်နောင်)တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့်

## စားသုံးသူများအတွက် သက်သာသောဈေးနှုန်းများဖြင့် ဆန်ရောင်းချပေးမည့်အစီအစဉ်

| | | | | |
|---|---|---|---|---|
| (၁) ရွှေဘိုပေါ်ဆန်း | တစ်အိတ် | ၁၃၅၀၀၀ | – | ၁၄၅၀၀၀ ကျပ် |
| (၂) ရောဝတီပေါ်ဆန်း | တစ်အိတ် | ၁၁၀၀၀၀ | – | ၁၂၀၀၀၀ ကျပ် |
| (၃) ညှော်မထ(၁၅%) | တစ်အိတ် | ၇၂၀၀၀ | – | ၇၅၀၀၀ ကျပ် |

- အရည်အသွေးကောင်းမွန်သော ဆန်များကို ပစ္စည်းမှန်၊ ဈေးနှုန်းမှန်၊ အလေးချိန်မှန်စွာဖြင့် ရောင်းချပေးမည့် အစီအစဉ်ဖြစ်ပါသည်။
- စားသုံးသူပြည်သူများအတွက် ရောင်းချပေးခြင်းသာဖြစ်ပြီး ဝယ်ယူသူမှ အိမ်ထောင်စုတစ်စုလျှင် တစ်လအတွက် ပေါ်ဆန်းအမျိုးအစား ဆန်အိတ်(၁)အိတ်နှင့် ညှော်မထအမျိုးအစား ဆန်အိတ်(၁)အိတ်ကို အိမ်ထောင်စုစာရင်းမိတ္တူနှင့် အိမ်ထောင်စုစာရင်းတွင် ပါဝင်သူတစ်ဦး၏ မှတ်ပုံတင်(မူရင်း)တို့ဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။
- ပြန်လည်ရောင်းချရန် ကုန်သည်များ၊ လက်လီဆိုင်များကို ရောင်းချပေးခြင်း မဟုတ်ပါ။

၂၄-၆-၂၀၂၄ မှစတင်၍ ရုံးဖွင့်ရက်များတွင် နေ့စဉ် နံနက် ၉း၃၀ နာရီမှ ညနေ ၃း၃၀ နာရီအထိ ရောင်းချပေးပါမည်။
ဆန်စပါးကုန်စည်ဒိုင်(ဘုရင့်နောင်)၊ အမှတ်(၄/၁)၊ ယုဇနလမ်း၊ ဘုရင့်နောင်(၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

---

**မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်**
**သတင်းထုတ်ပြန်ကြေညာချက်အမှတ် (၀၄/၂၀၂၄)**
**၂၀၂၄ ခုနှစ်၊ ဇွန်လ (၂၅)ရက်**

**ပေါ်ဆန်းမွှေးဆန်များအား အိမ်အရောက်ပို့စနစ်ဖြင့်**
**ဖြန့်ဖြူးရောင်းချမည့်အစီအစဉ်**

၁။ နေပြည်တော်၊ ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့တွင် (၁.၇.၂၀၂၄) ရက်နေ့မှစတင်၍ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းတို့ပူးပေါင်းဆောင်ရွက်မှုဖြင့် ပေါ်ဆန်းမွှေးဆန်များအား အိမ်အရောက်ပို့စနစ်ဖြင့် ဖြန့်ဖြူးရောင်းချပေးသွားမည် ဖြစ်ပါသည်-

**ဆန်အမျိုးအစားနှင့် အိမ်အရောက်ဈေးနှုန်း**

| | | | |
|---|---|---|---|
| (၁) ရွှေဘိုပေါ်ဆန်း | (၁၀၈) ပေါင် (၂၄) ပြည် တစ်အိတ် | - | ၁၅၂,၀၀၀/- |
| (၂) ရောဝတီပေါ်ဆန်း | (၁၀၈) ပေါင် (၂၄) ပြည် တစ်အိတ် | - | ၁၃၀,၀၀၀/- |
| (၃) ရောဝတီပေါ်ဆန်း | (၁၀) ကီလို (၅)ပြည်ခန့် တစ်အိတ် | - | ၂၆,၅၀၀/- |

၂။ အောက်ဖော်ပြပါ Viber ဖုန်းနံပါတ် (သို့မဟုတ်)Email များသို့ ကြိုတင်ပေးပို့ ဆက်သွယ် မှာကြားနိုင်ပါသည်။

| Viber ဖုန်းနံပါတ် | Email |
|---|---|
| (၁) ၀၉-၄၀၀၀၆၇၂၄၀ | sales@mrf.com.mm |
| (၂) ၀၉-၄၀၀၀၆၇၂၅၀ | |
| (၃) ၀၉-၄၀၀၀၆၇၂၆၀ | |

၃။ ငွေပေးချေမှုကို KBZ Pay သို့မဟုတ် အခြားနည်းလမ်းဖြင့် ဆောင်ရွက်နိုင်ပြီး မှာကြားသည့်နေ့ရက်/ငွေပေးသွင်းပြီးသည့်အချိန်ကာလမှစတင်၍ အများဆုံး (၃)ရက်အတွင်း အရည်အသွေးမှန်၊ အလေးချိန်မှန် ဆန်အိတ်များကို လိပ်စာပါအတိုင်း အိမ်အရောက်ပေးပို့သွားမည် ဖြစ်ပါသည်။

၄။ အခြားဆန်အမျိုးအစားများနှင့် ထုပ်ပိုးမှုပုံစံအမျိုးမျိုးအားလည်း အိမ်အရောက်ပို့စနစ်ဖြင့် ဖြန့်ဖြူးနိုင်ရေးကို တိုးချဲ့ဆောင်ရွက်နိုင်ရန် စီစဉ်သွားမည်ဖြစ်ပါသည်။

၅။ သတ်မှတ်ဈေးနှုန်းများသည် ရည်ညွှန်းဈေးများနှင့်အညီ သင့်တင့်မျှတသောဈေးနှုန်းများဖြစ်ပြီး ထပ်မံ လျှော့ချနိုင်ရေးဆောင်ရွက်နေခြင်း၊ ဤအစီအစဉ်အား စဉ်ဆက်မပြတ် ဆောင်ရွက်မည်ဖြစ်ခြင်း တို့ကြောင့် အမှန်လိုအပ်မှုအတွက်သာ မှာယူပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်**

---

**မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာထုတ်လုပ်ရေးနှင့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများသည် ဘဏ်လုပ်ငန်းများကို မှီခိုအသုံးပြုနေရ၍ နိုင်ငံတကာအဖွဲ့အစည်းများမှ အပြုသဘောဖြင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မှုအပေါ် သတင်းထုတ်ပြန်ချက်**

ရက်စွဲ - ၂၀၂၄ ခုနှစ်၊ ဇွန်လ (၂၉) ရက်

၁။ မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးနှင့် လယ်ယာကဏ္ဍကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ လယ်ယာထွက်ကုန် ပြည်ပတင်ပို့သည့် လုပ်ငန်းများ၊ လယ်ယာထွက်ကုန်များကို အခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား MSME လုပ်ငန်းများကို အဓိက လုပ်ကိုင်ဆောင်ရွက်နေကာ ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေး၊ ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးတို့ကို တစ်ထောင့်တစ်နေရာမှ အကျိုးပြုနေပါသည်။ တောင်သူလယ်သမားများနှင့် ပုဂ္ဂလိက လယ်ယာစီးပွားရေးလုပ်ငန်းများ အားလုံးသည် ဘဏ်လုပ်ငန်းများ၏ လယ်ယာသားငါး ထုတ်လုပ်ရေးအတွက် ချေးငွေများ၊ ကျေးလက်ဖွံ့ဖြိုးရေး ချေးငွေများ၊ အသေးစားချေးငွေများ အပါအဝင် ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများကို ရယူ၍ လုပ်ငန်းများကို ဆောင်ရွက်နေရခြင်းဖြစ်ပါသည်။

၂။ ဆန်စပါးနှင့် စားနပ်ရိက္ခာ ထုတ်လုပ်တင်ပို့ ရောင်းချမှုအတွက် နိုင်ငံတကာမှ ဖွံ့ဖြိုးရေး မိတ်ဖက်များ၊ စီးပွားရေးမိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်နေရပြီး နိုင်ငံတကာဘဏ်များနှင့် ကုန်သွယ်မှုဆိုင်ရာ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ငွေပေးချေမှုများ၊ ငွေလွှဲမှုများကို နိုင်ငံတကာဘဏ်လုပ်ငန်း စံချိန်စံနှုန်းများ၊ စနစ်များနှင့်အညီ လိုက်နာဆောင်ရွက်နေကြပါသည်။ ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှု တိုက်ဖျက်ရေး အပါအဝင် ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် ဆန့်ကျင်သော ငွေကြေးလုပ်ငန်းများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဦးဆောင်မှုဖြင့် ဘဏ်များမှ ထိရောက်စွာ စိစစ်ခြင်း၊ တားမြစ်အရေးယူခြင်းနှင့် လိုက်နာလုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်နေသည်ကိုလည်း တွေ့ရှိရပါသည်။ နိုင်ငံတကာမှ လယ်ယာထွက်ကုန် ဝယ်ယူသူ (Buyer) များ၏ နိုင်ငံတကာဘဏ်များသည်လည်း မြန်မာနိုင်ငံရှိ ဘဏ်များနှင့် နိုင်ငံတကာဘဏ်လုပ်ငန်း၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။

၃။ သို့ဖြစ်၍ မြန်မာနိုင်ငံရှိ ဘဏ်များ၊ မြန်မာနိုင်ငံနှင့် ဘဏ်လုပ်ငန်း ပူးပေါင်းဆောင်ရွက်နေသော နိုင်ငံတကာဘဏ်များကို အရေးယူရန် တောင်းဆို တိုက်တွန်းမှုများသည် ပြည်သူအများစု မှီခိုနေသည့် လယ်ယာကဏ္ဍနှင့် စားနပ်ရိက္ခာ ဖူလုံမှု၊ စားနပ်ရိက္ခာ ထုတ်လုပ်မှု လုပ်ငန်းများကို ထိခိုက်နစ်နာစေရန် ဦးတည်သကဲ့သို့ ဖြစ်ပါမည်။ နိုင်ငံတကာ အဖွဲ့အစည်းများ အနေဖြင့် ဘဏ်လုပ်ငန်းများ တည်ငြိမ်ကောင်းမွန်ရေးကို ရှေ့ရှုပြီး မှန်ကန်သော မြေပြင်အခြေအနေ၊ တိကျခိုင်လုံသော အချက်အလက်များ၊ လက်တွေ့ဆောင်ရွက်နေမှု အခြေအနေများကို လေ့လာသုံးသပ်လျက် အပြုသဘောဖြင့်သာ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်လုပ်ဆောင်သင့်ပါကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ သဘောထားကို ထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်**

# သတင်းထုတ်ပြန်ချက်များ

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်
သတင်းထုတ်ပြန်ကြေညာချက်အမှတ် (၀၅/ ၂၀၂၄)
၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၃) ရက်

**ပြည်တွင်းဆန်ဈေးကွက်အတွင်း ပစ္စည်းမှန်၊ ဈေးနှုန်းမှန်၊ အရည်အသွေးမှန်၊ အလေးချိန်မှန်၊ အရောင်းအဝယ်မှန်စွာဖြင့် စနစ်တကျ ဖြန့်ဖြူးရောင်းချရန် သတင်းထုတ်ပြန်ချက်**

၁။ ဆန်စပါးဈေးကွက်နှင့် ဈေးနှုန်းများ တည်ငြိမ်မှန်ကန်စေရေး၊ သင့်တင့်မျှတသော ဈေးနှုန်းများ၊ ရည်ညွှန်းဈေးနှုန်းများနှင့်အညီ ဖြန့်ဖြူးရောင်းချရေးတို့ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့မှ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းမှု အစီအစဉ်ဖြင့် ဆောင်ရွက်လျက် ရှိပါသည်။

၂။ ပြည်တွင်းဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချနေသော ပေါ်ဆန်းအုပ်စု၊ ဧည့်မထအုပ်စု၊ အထူးဧည့်မထ အုပ်စုများ အပါအဝင် ပြည်တွင်းဈေးကွက် (လက်လီ/ လက်ကား) ရောင်းချမှုများ အားလုံးတွင် အောက်ပါ အချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန် အသိပေး အကြောင်းကြားအပ်ပါသည်-

(က) **ပစ္စည်းမှန်စေရန်**

အိတ်တွင် ထည့်သွင်းထားသော ဆန်အမျိုးအစား မှန်စေရန်၊ အမျိုးအစားမတူသည့် ဆန်များ ရောနှောမှုရှိပါက အိတ်ပေါ်တွင် ရောနှောမှု၊ အမျိုးအစားနှင့် အချိုးနှုန်းကို ဖော်ပြရန်။

(ခ) **ဈေးနှုန်းမှန်စေရန်**

သင့်တင့်မျှတသော ရည်ညွှန်းဈေးများကို ထုတ်ပြန်သတ်မှတ်ထား၍ လက်လီ/ လက်ကား ရောင်းချမှုများတွင် ၎င်းဈေးနှုန်းများနှင့် ကိုက်ညီမှုရှိစေရန်၊ လစဉ်ထုတ်ပြန်သော ဈေးနှုန်းများကို သတိပြု လိုက်နာဆောင်ရွက်ရန်။

(ဂ) **အရည်အသွေးမှန်စေရန်**

ဆန်အရည်အသွေးများ မှန်ကန်စေရန်၊ အမျိုးအစားများ၊ အိတ်ခွံပေါ်တွင် ဖော်ပြထားသော အချက်အလက်များ မှန်ကန်စေရန်။

(ဃ) **အလေးချိန်မှန်ကန်စေရန်**

တစ်အိတ်တွင် ထည့်သွင်းထုပ်ပိုးသော အလေးချိန် မှန်ကန်စေရန်နှင့် အိတ်ခွံပေါ်တွင် ဖော်ပြသော အလေးချိန်အတိုင်း တိတိကျကျ ဖြစ်စေရန်၊ ဆန်ဆိုင်များ၊ ပွဲရုံများတွင် ဝယ်ယူပါက ဝယ်သူ၏ရှေ့တွင် အလေးချိန်ကို အတည်ပြုပေးရန်။

(င) **အရောင်းအဝယ်မှန်စေရန်**

ဆန်စပါး ဝယ်ယူ/ သိုလှောင်/ ဖြန့်ဖြူးရောင်းချသည့် ပြည်တွင်း ဆန်စပါးကုန်သွယ်မှုတွင် အရောင်းအဝယ်များအား စနစ်တကျ မှန်ကန်စွာ ဆောင်ရွက်ရန်နှင့် တည်ဆဲဥပဒေ၊ စည်းကမ်းချက်များကို လိုက်နာရန်။ သိုလှောင်ရောင်းဝယ်မှုများအတွက် မြန်မာ့ဆန်စပါး အွန်လိုင်း (MyRO) စနစ်တွင် သိုလှောင်ရုံမှတ်ပုံတင်ခြင်းကို မပျက်မကွက် ဆောင်ရွက်ရန်။

၃။ အထက်ပါအချက်များကို သိရှိလိုက်နာဆောင်ရွက်ရန်နှင့် လိုက်နာရန် ပျက်ကွက်မှုများရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်မည်ဖြစ်၍ ပူးပေါင်းဆောင်ရွက်မှု၊ လိုက်နာဆောင်ရွက်မှုတို့ဖြင့် ဆန်စပါးကဏ္ဍ တည်ငြိမ်မှန်ကန်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ပေးရန် တိုက်တွန်းအပ်ပါသည်။

**မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်**

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်
သတင်းထုတ်ပြန်ကြေညာချက်အမှတ် (၀၆/ ၂၀၂၄)
၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၃) ရက်

**သိုလှောင်ရုံ မှတ်ပုံတင်ခြင်းနှင့် လစဉ် ကုန်ရ/ ကုန်ထုတ်/ ကုန်လက်ကျန်စာရင်းများ Update ပြုလုပ်ရန် သတင်းထုတ်ပြန်ချက်**

